# ကျွန်မရဲ့ ကလေး နို့ဆာနေပြီဆိုတာကို ဘယ်လိုသိနိုင်မလဲ။

**ကလေးနို့ဆာကြောင်း ပြသတဲ့ အစောပိုင်းလက္ခဏာတွေ တွေ့တာနဲ့ မိခင်နို့တိုက်ပါ။**

- နှုတ်ခမ်းတွေကို တပြွတ်ပြွတ် စုပ်ပြီးအသံပေးခြင်း
- လက် ဒါမှမဟုတ် လက်ချောင်းတွေကို စုပ်ခြင်း
- ဟိုဘက်ဒီဘက် လှည့်ခြင်း၊ လှုပ်ရှားခြင်း
- နှုတ်ခမ်းတွေကို ထိတွေ့တဲ့အခါ ပါးစပ်ဟလာခြင်း
- မိခင်နို့ကို လိုက်ရှာခြင်း

**ကလေးငိုတဲ့အထိ မစောင့်ပါနဲ့။**

နို့ဆာတာအပါအဝင် အကြောင်းအရင်းများစွာကြောင့် ကလေးတွေငိုကြတယ်။ ငိုနေတဲ့ကလေးတစ်ယောက်အတွက် ကောင်းကောင်းနို့ငုံစို့နိုင်ဖို့ ခက်ခဲတယ်။

# ကျွန်မရဲ့ကလေး နို့စို့လို့ဝပြီ၊ ဗိုက်ပြည့်ပြီ ဆိုတာ ဘယ်လိုသိနိုင်မလဲ။

- နို့စို့နေတုန်း နို့ရည်ကို ကလေးမျိုချနေတာကို မေမေ မြင်နိုင်၊ ကြားနိုင်တယ်။
- နို့ဝပြီဆိုရင် သူ့တစ်ကိုယ်လုံးကို လျှော့ချလိုက်ပြီး လက်သီးဆုပ်တွေကို ဖြန့်လိုက်တယ်။
- မေမေ့ရဲ့ နို့သီးခေါင်းကိုလည်း လွှတ်လိုက်လိမ့်မယ်။
- ဗိုက်ဝသွားတဲ့အခါ နို့စို့ပြီးသွားရင် ဗိုက်ဆာတဲ့ လက္ခဏာတွေ ရှိတော့မှာမဟုတ်ဘူး။